## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ)



ရက်စွဲ ၂၃-၂-၂၀၂၃

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဖေဖော်ဝါရီလ (၃) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၃-၇ |
| ၆။ | ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၇ |
| ၇။ | ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၇-၉ |
| ၈။ | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက် | ၉ |
| ၉။ | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလမှမတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက် | ၁၀ |
| ၁၀။ | ရေထွက်ပစ္စည်းရောင်းချမှု အခြေအနေ | ၁၀-၁၁ |
| ၁၁။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၁-၁၂ |
| ၁၂။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဖေဖော်ဝါရီလ (၃) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၂ |
| ၁၃။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၂-၁၄ |
| ၁၄။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၅ |
| ၁၅။ | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၆ |
| ၁၆။ | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ) သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၇-၁၈ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများနှင့် နောက်ဆက်တွဲပုံများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

# ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်၊ မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန် အနေဖြင့် (၂,၉၂၈.၁) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁၊ နောက်ဆက်တွဲ ပုံ-၁)

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၆.၇၄) သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၁)သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini budge) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂) မှ (၃-၂-၂၀၂၃ ) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၂% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀.၁% | ၀.၁% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၁% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၃% |
| စုစုပေါင်း | | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလအတွင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်ထိ **ပို့ကုန်တင်ပို့မှု စုစုပေါင်း** အမေရိကန်ဒေါ်လာ (၁၄,၀၅၄.၀၁) သန်းတွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၃,၁၂၂.၁၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၉.၄၇) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၆၂၉.၉၈) သန်း၊ သတ္တုတွင်းထွက်ပစ္စည်း ဒေါ်လာ (၂၈၉.၈၂) သန်း၊ သစ်တောထွက် ပစ္စည်း ဒေါ်လာ (၁၂၅.၆၇) သန်း၊ စက်မှုကုန်ချောပစ္စည်း ဒေါ်လာ (၉,၄၈၁.၈၄) သန်းနှင့် အခြား ပစ္စည်း ဒေါ်လာ (၃၈၅.၀၉) သန်း ပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)

၇။ **လယ်ယာကဏ္ဍတင်ပို့မှု**အနေဖြင့် လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၃,၁၂၂.၁၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၉.၄၇) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၆၂၉.၉၈) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (**လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း**) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ ဒေါ်လာ (၃,၇၇၁.၅၈) သန်းရှိပြီး စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာ ကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၂၆) % ခန့်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၁)

## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

၈။ **လယ်ယာထွက်ပစ္စည်းတင်ပို့မှု** ဒေါ်လာ (၃,၁၂၂.၁၃) သန်းတွင် လယ်ယာကဏ္ဍ အဓိက ပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ဆန် (ဆန်ကွဲ အပါအဝင်)၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းနှင့် ရာဘာ တို့ဖြစ်ပြီး၊ ယင်းတို့အနက် **ဆန်နှင့် ဆန်ကွဲ** တင်ပို့မှု တန်ချိန် (၁,၈၃၃,၁၅၇.၃၆) မှ ဒေါ်လာ (**၆၇၄.၅၈**) သန်း၊ **ပဲအမျိုးမျိုး** တင်ပို့မှု တန်ချိန် (၁,၄၃၄,၁၀၅.၀၇) မှ ဒေါ်လာ (၁,၁၁၀.၉၇) သန်း၊ **ပြောင်း** တင်ပို့မှုတန်ချိန် (၁,၄၉၂,၄၃၂.၁၃) မှ ဒေါ်လာ (၄၅၅.၉၃) သန်း၊ **နှမ်း**တင်ပို့မှု တန်ချိန် (၈၆,၆၃၇.၆၃) မှ ဒေါ်လာ (၁၁၃.၈၇) သန်း ၊ **ရော်ဘာစိမ်း**တင်ပို့မှု တန်ချိန် (၁၉၈,၇၄၉.၄၉) မှ ဒေါ်လာ (၂၇၄.၂၆) သန်း နှင့် **အခြားအမယ်**တင်ပို့မှုမှ ဒေါ်လာ(၄၉၂.၅၂)သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၂၊ ပုံ-၂ ၊ ၃)


၉။ လယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့မှုတွင် ရာခိုင်နှုန်းအားဖြင့် **ဆန်နှင့် ဆန်ကွဲ** (ဆန်နှင့် ဆန်ကွဲအပါအဝင်) တန်ချိန်ပေါင်း (၄.၅%)၊ တန်ဖိုးအနေဖြင့် (၁၃.၈%)၊ **ပြောင်း**မှာ တန်ဖိုး အနေဖြင့်(၁၆.၆%) စီတိုးမြှင့်တင်ပို့ခဲ့ပြီး၊ ပြောင်းတင်ပို့မှုတွင် တန်ချိန် (၁၁.၇%) လျော့ကျခဲ့သည်ကို တွေ့ရသည်။ **ပဲအမျိုးမျိုး**တွင် တန်ချိန် (၈.၈%)၊ တန်ဖိုး (၅.၆%)၊ **နှမ်း**အနေဖြင့် တန်ချိန်အားဖြင့် (၄၉.၅%)၊ တန်ဖိုးအားဖြင့် (၄၇.၈%)၊ **ရော်ဘာစိမ်း**မှာ တန်ချိန် (၁၆.၅%)၊ တန်ဖိုးအားဖြင့် (၁၉.၄%) အသီးသီး လျော့နည်းခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၂)

## ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၃,၇၇၁.၅၈ | ၃,၇၉၁.၃၇ | -၁၉.၇၉ | -၀.၅% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၃,၁၂၂.၁၃ | ၃၁၁၄.၄ | ၇.၇၃ | ၀.၂% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၆၇၄.၅၈ | ၅၉၂.၅၉ | ၈၁.၉၇ | ၁၃.၈% |
| | | တန်ချိန် | ၁,၈၃၃,၁၅၇.၃၆ | ၁,၇၅၃,၈၇၂.၆၅ | ၇၉,၂၈၄.၇၁ | ၄.၅% |
| | (က) ဆန် | US$ | ၄၃၄.၁၅ | ၃၈၂.၈၇ | ၅၁.၂၈ | ၁၃.၄% |
| | | တန်ချိန် | ၁,၁၃၀,၆၅၀.၈၅ | ၁,၀၇၈,၀၈၉.၈၂ | ၅၂,၅၆၁.၀၃ | ၄.၉% |
| | (ခ) ဆန်ကွဲ | US$ | ၂၄၀.၄၄ | ၂၀၉.၇၂ | ၃၀.၇၂ | ၁၄.၆% |
| | | တန်ချိန် | ၇၀၂,၅၀၆.၅၁ | ၆၇၅,၇၈၂.၈၃ | ၂၆,၇၂၃.၆၈ | ၄.၀% |
| ၂ | ပဲအမျိုးမျိုး | US$ | ၁,၁၁၀.၉၇ | ၁,၁၇၇.၂၇ | – ၆၆.၃၀ | – ၅.၆% |
| | | တန်ချိန် | ၁,၄၃၄,၁၀၅.၀၇ | ၁,၅၇၁,၇၀၆.၉၂ | – ၁၃၇,၆၀၁.၈၅ | – ၈.၈% |
| ၃ | ပြောင်း | US$ | ၄၅၅.၉၃ | ၃၉၀.၈၇ | ၆၅.၀၆ | ၁၆.၆% |
| | | တန်ချိန် | ၁,၄၉၂,၄၃၂.၁၃ | ၁,၆၉၁,၁၂၈.၆၉ | – ၁၉၈,၆၉၆.၅၆ | – ၁၁.၇% |
| ၄ | နှမ်း | US$ | ၁၁၃.၈၇ | ၂၁၈.၃၀ | – ၁၀၄.၄၄ | – ၄၇.၈% |
| | | တန်ချိန် | ၈၆,၆၃၇.၆၃ | ၁၇၁,၆၃၈.၆၅ | – ၈၅,၀၀၁.၀၃ | – ၄၉.၅% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၇၄.၂၆ | ၃၄၀.၃၈ | – ၆၆.၁၂ | – ၁၉.၄% |
| | | တန်ချိန် | ၁၉၈,၇၄၉.၄၉ | ၂၃၇,၈၈၃.၂၃ | – ၃၉,၁၃၃.၇၄ | – ၁၆.၅% |
| ၆ | အခြားသီးနှံ | US$ | ၄၉၂.၅၁ | ၃၉၄.၉၉ | ၉၇.၅၂ | ၂၄.၆၉% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၁၉.၄၇ | ၆.၃၇ | ၁၃.၁၀ | ၂၀၅.၇% |
| ရေထွက်ပစ္စည်း | | US$ | ၆၂၉.၉၈ | ၆၇၀.၆ | – ၄၀.၆၁ | – ၆.၁% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား

၁၀။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် **မတ်ပဲ**မှာ တန်ချိန် (၅၇၇,၀၉၉.၂၇)၊ တန်ဖိုးဒေါ်လာ (၄၇၅.၅၁) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ **ပဲတီစိမ်း**မှာ တန်ချိန် (၄၆၅,၈၈၂.၈၉)၊ တန်ဖိုးဒေါ်လာ (၃၃၉.၃၇) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ **ပဲစဉ်းငုံ** မှာ တန်ချိန် (၁၇၁,၈၁၂.၃၅)၊ တန်ဖိုးဒေါ်လာ (၁၃၄.၁၈) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ **ကုလားပဲ** တင်ပို့မှုမှာ တန်ချိန် (၁၈,၂၈၆.၉၆)၊ တန်ဖိုးဒေါ်လာ (၁၂.၈၀) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၃၊ ပုံ-၄၊ ၅)


၁၁။ အစီရင်ခံကာလ (၁-၄-၂၀၂၂) မှ (၃-၂-၂၀၂၃) မှာ ယခင်နှစ်ထက် ပဲမျိုးစုံတင်ပို့မှုတွင် လျော့နည်းခဲ့သည်ကိုတွေ့ရပြီး မတ်ပဲတန်ချိန် (၁၂%) နှင့် တန်ဖိုး (၆%) ၊ ပဲတီစိမ်းတန်ချိန် (၆%)နှင့် တန်ဖိုး (၁၀%) ၊ ပဲစဉ်းငုံတန်ချိန် (၄%) အသီးသီးလျော့နည်းခဲ့ပြီး၊ ပဲစဉ်းငုံမှာတန်ဖိုး အားဖြင့် (၁၃%)တိုးမြှင့်ခဲ့သည်ကိုတွေ့ရသည်။ မြေပဲဆံမှာ တန်ချိန် (၇၃%) နှင့် တန်ဖိုး (၆၈%) လျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၃)

## ဇယား (၃) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ Mini Budget | ကာလတူ (၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယခင်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | **၈၃၀.၁၆** | **၁,၁၁၀.၉၇** | **၁,၁၇၇.၂၇** | **- ၆၆.၃၀** | **- ၆%** |
| | | တန်ချိန် | **၁,၀၈၉,၆၆၇.၇၅** | **၁,၄၃၄,၁၀၅.၀၇** | **၁,၅၇၁,၇၀၆.၉၂** | **- ၁၃၇,၆၀၁.၈၅** | **- ၉%** |
| ၁ | မတ်ပဲ | US$ | ၂၈၇.၉၁ | ၄၇၅.၅၁ | ၅၀၄.၆၈ | -၂၉.၁၇ | - ၆% |
| | | တန်ချိန် | ၃၇၁,၀၉၄.၉၀ | ၅၇၇,၀၉၉.၂၇ | ၆၅၆,၆၂၆.၁၁ | - ၇၉,၅၂၆.၈၄ | - ၁၂% |
| ၂ | ပဲတီစိမ်း | US$ | ၂၉၆.၅၄ | ၃၃၉.၃၇ | ၃၇၅.၉၄ | - ၃၆.၅၇ | - ၁၀% |
| | | တန်ချိန် | ၃၈၃,၇၂၂.၃၂ | ၄၆၅,၈၈၂.၈၉ | ၄၉၅,၈၀၇.၈၉ | -၂၉,၉၂၅.၀၀ | - ၆% |
| ၃ | ပဲစင်းငုံ | US$ | ၈၄.၈၅ | ၁၃၄.၁၈ | ၁၁၉.၀၇ | ၁၅.၁၁ | ၁၃% |
| | | တန်ချိန် | ၁၂၆,၅၂၆.၃၄ | ၁၇၁,၈၁၂.၃၅ | ၁၇၉,၂၆၅.၁၅ | - ၇,၄၅၂.၈၀ | - ၄% |
| ၄ | ကုလားပဲ | US$ | ၃.၉၂ | ၁၂.၈၀ | ၁၃.၈၅ | - ၁.၀၅ | - ၈% |
| | | တန်ချိန် | ၆,၁၃၀.၆၆ | ၁၈,၂၈၆.၉၆ | ၂၂,၉၁၃.၃၁ | - ၄,၆၂၆.၃၆ | -၂၀% |
| ၅ | ပဲလွန်းဖြူ | US$ | ၁၉.၄၀ | ၂၃.၇၅ | ၁၈.၀၇ | ၅.၆၈ | ၃၁% |
| | | တန်ချိန် | ၂၇,၃၆၅.၂၄ | ၃၅,၈၅၀.၇၅ | ၂၃,၉၅၀.၉၇ | ၁၁,၈၉၉.၇၈ | ၅၀% |
| ၆ | မြေထောက်ပဲ | US$ | ၃၀.၀၀ | ၃၆.၆၂ | ၂၁.၃၈ | ၁၅.၂၄ | ၇၁% |
| | | တန်ချိန် | ၃၉,၈၃၉.၉၆ | ၄၈,၁၂၀.၁၀ | ၂၈,၈၉၇.၉၀ | ၁၉,၂၂၂.၁၉ | ၆၇% |
| ၇ | ထောပတ်ပဲ | US$ | ၃.၉၁ | ၂၁.၁၆ | ၁၃.၀၁ | ၈.၁၄ | ၆၃% |
| | | တန်ချိန် | ၅,၇၀၉.၇၄ | ၂၇,၁၄၄.၉၉ | ၂၃,၅၃၉.၂၄ | ၃,၆၀၅.၇၅ | ၁၅% |
| ၈ | ပဲယင်း | US$ | ၃၅.၄၃ | ၂၃.၃၂ | ၂၅.၄၀ | -၂.၁၀ | -၈% |
| | | တန်ချိန် | ၄၉,၉၅၁.၆၇ | ၃၅,၈၃၁.၇၈ | ၄၃,၆၂၉.၁၈ | -၇,၇၉၇.၄၀ | -၁၈% |
| ၉ | ပဲကြီး | US$ | ၂.၂၆ | ၄.၄၆ | ၁.၆၅ | ၂.၈၁ | ၁၇၀% |
| | | တန်ချိန် | ၃,၄၂၈.၈၇ | ၆,၇၄၂.၈၁ | ၂,၇၉၆.၈၉ | ၃,၉၄၅.၉၁ | ၁၄၁% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁.၅၈ | ၄.၇၀ | ၄.၅၇ | ၀.၁၃ | ၃% |
| | | တန်ချိန် | ၂,၃၆၄.၆၁ | ၇,၄၉၃.၃၆ | ၇,၃၆၀.၉၁ | ၁၃၂.၄၆ | ၂% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၂.၂၉ | ၁၀.၇၀ | ၇.၆၇ | ၃.၀၄ | ၄၀% |
| | | တန်ချိန် | ၁၇,၂၆၉.၉၄ | ၁၄,၉၁၆.၆၀ | ၉,၉၆၄.၇၇ | ၄,၉၅၁.၈၃ | ၅၀% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၃၀ | ၀.၀၆ | ၂.၈၀ | -၂.၇၄ | -၉၈% |
| | | တန်ချိန် | ၄၁၁.၀၀ | ၆၉.၅၁ | ၄,၄၅၅.၂၉ | -၄,၃၈၅.၇၈ | -၉၈% |
| ၁၃ | ပဲနီကြား | US$ | ၀.၀၈ | ၁.၉၉ | ၂.၀၈ | -၀.၀၉ | -၄% |
| | | တန်ချိန် | ၁၉၅.၀၀ | ၄,၉၅၇.၈၀ | ၄,၇၇၇.၀၀ | ၁၈၀.၈၀ | ၄% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၁၈ | ၀.၅၀ | ၀.၇၄ | -၀.၂၄ | -၃၂% |
| | | တန်ချိန် | ၂၁၆.၅၀ | ၆၅၉.၈၇ | ၈၉၀.၀၂ | -၂၃၀.၁၅ | -၂၆% |
| ၁၅ | မြေပဲဆံ | US$ | ၅၀.၈၃ | ၂၁.၁၀ | ၆၄.၉၅ | -၄၃.၈၅ | -၆၈% |
| | | တန်ချိန် | ၅၄,၄၆၇.၇၂ | ၁၈,၀၂၅.၆၀ | ၆၅,၆၀၁.၆၂ | -၄၇,၅၇၆.၀၂ | -၇၃% |
| ၁၆ | အခြားပဲ | US$ | ၀.၆၉ | ၀.၇၃ | ၁.၃၈ | -၀.၆၅ | -၄၇% |
| | | တန်ချိန် | ၉၇၃.၂၉ | ၁,၂၁၀.၄၄ | ၁,၂၃၀.၆၅ | -၂၀.၂၂ | -၂% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ဆီထွက်သီးနှံ တင်ပို့မှုအခြေအနေ

၁၂။ ဆီထွက်သီးနှံဖြစ်သော **နှမ်း**တင်ပို့မှုမှာ (၁-၄-၂၀၂၂) မှ (၃-၂-၂၀၂၃) ထိ တန်ချိန် (၈၆,၆၃၇.၆၃) နှင့် တန်ဖိုးဒေါ်လာ (၁၁၃.၈၇) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၁၇၁,၆၃၈.၆၅) နှင့် တန်ဖိုးဒေါ်လာ (၂၁၈.၃၀) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၈၅,၀၀၁.၀၃) နှင့် တန်ဖိုး ဒေါ်လာ (၁၀၄.၄၄) သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၂)

၁၃။ **မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၁၈,၀၂၅.၆၀) ၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၂၁.၁၀) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၆၅,၆၀၁.၆၂)၊ တန်ဖိုးဒေါ်လာ (၆၄.၉၅)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၄၇,၅၇၆.၀၂) နှင့် တန်ဖိုး ဒေါ်လာ (၄၃.၈၅)သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)


## ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၁၄။ ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ အစီရင်ခံကာလဖြစ်သော ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်အထိ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၄,၀၅၃.၀၁) သန်း ရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၂,၅၄၈.၄၈) သန်းရှိခဲ့သည့် အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁,၅၀၅.၅၃) သန်း/ (၁၂%) ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (နောက်ဆက်တွဲဇယား-ဃ)

၁၅။ လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** အနေဖြင့် ဒေါ်လာ (၃,၁၂၂.၁၃) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၃,၁၁၄.၄) သန်းရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၇.၇၃) သန်း နှင့် **တိရစ္ဆာန်ထွက်ပစ္စည်း**တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၁၉.၄၇) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၆.၃၇) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် ဒေါ်လာ (၁၃.၁၀) သန်း ပိုမိုတင်ပို့ခဲ့ကြောင်းနှင့် **ရေထွက်ပစ္စည်း**တင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၆၂၉.၉၈) သန်း၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၆၇၀.၆) သန်းဖြစ်၍ ယခင်နှစ်ထက်(၄၀.၆၁) သန်း လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။ (နောက်ဆက်တွဲဇယား-ဃ၊ နောက်ဆက်တွဲပုံ-၂)

၁၆။ ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၂၂%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၂၅%)ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၃%) ခန့်နှင့် ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၄%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၁%) ခန့် အသီးသီး လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၁%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၅%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်(၀.၁%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-ဃ၊ ပုံ-၆)

၁၇။ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းများပါဝင်သည့် လယ်ယာကဏ္ဍတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃) ရက်ထိ ဒေါ်လာ (၃,၇၇၁.၅၈) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၃,၇၉၁.၃၇) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၉.၇၉) သန်းခန့် လျော့နည်းတင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၂၆%) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၃၀%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့်လည်း (၄%)ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား- ဃ၊ ပုံ-၆)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃ ထိ)


ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
၂၀၂၁-၂၀၂၂ (၁-၄-၂၀၂၁ မှ ၃-၂-၂၀၂၂ ထိ)

ပုံ (၆)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ပါဝင်မှု %

## ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်

၁၈။ ပို့ကုန်တင်ပို့မှုများကို **၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာလထိ) တို့ နှိုင်းယှဉ်ပါက** ပို့ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ၂၀၂၁-၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၃၀၈.၄၂)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget (ဧပြီ မှ စက်တင်ဘာထိ) တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၅၂.၆၁) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (နောက်ဆက်တွဲ-က)

၁၉။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှုတွင် **လယ်ယာထွက်ပစ္စည်းတင်ပို့မှု** တန်ဖိုး ဒေါ်လာ (၂,၄၀၇.၇၁) **သန်း**ပါဝင်ခဲ့ရာ အဆို ပါ တင်ပို့မှုတွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၈) သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၁၆) သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၂) သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြား လယ်ယာ ထွက်ကုန်ပစ္စည်း** ဒေါ်လာ (၂၈၃.၅၁) သန်း ပါဝင်ခဲ့သည်ကိုတွေ့ရသည်။ (နောက်ဆက်တွဲ ဇယား -ခ၊ ပုံ-၇)





ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၇) ။ အဓိကလယ်ယာထွက်ကုန် အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဂရပ်

## ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန် တင်ပို့နိုင်မှု နှိုင်းယှဉ်ချက်

၂၀။ **၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ(အောက်တိုဘာလမှ မတ်လထိ)** ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂တွင် လယ်ယာထွက်ပစ္စည်း စုစုပေါင်းတင်ပို့မှုမှာ (၂,၄၀၇.၇၁) သန်း ရှိခဲ့ပြီး၊ ၂၀၂၀-၂၁ အလားတူ ကာလတွင် (၂,၉၂၈.၁၄) သန်း တင်ပို့နိုင်ခဲ့သဖြင့် အလားတူကာလထက် (၅၂၀.၄၃) သန်း လျော့နည်း တင်ပို့ခဲ့ကြောင်းတွေ့ရပြီး၊ ပို့ကုန်အမယ်အလိုက် တင်ပို့မှုတွင် ယခင်နှစ် ထက် **ဆန်နှင့် ဆန်ကွဲ** အမေရိကန်ဒေါ်လာ(၁၅.၈၄) သန်း၊ **ပဲအမျိုးမျိုး**တွင် ဒေါ်လာ (၂၄.၁၃) သန်း၊ **ပြောင်း**တွင် ဒေါ်လာ (၃၆.၇၃) သန်း၊ **ရာဘာစိမ်း** တွင် ဒေါ်လာ (၉.၀၀) သန်း အသီးသီးတိုးမြင့် တင်ပို့နိုင်ခဲ့ပြီး၊ **နှမ်း**တွင် ဒေါ်လာ (၉၀.၂၈) သန်း နှင့် **အခြားသီးနှံများ**တွင် ဒေါ်လာ (၅၁၆.၃၄) သန်း လျော့နည်း တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (နောက်ဆက်တွဲ ဇယား - ခ၊ ပုံ-၈)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၈) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူ (အောက်တိုဘာလမှ မတ်လထိ) နှိုင်းယှဉ်မှု

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၂၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်အတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၃၀,၉၀၇.၀၁) ၊ တန်ဖိုး ဒေါ်လာ (**၃၆.၇၄**) သန်း၊ ပုဇွန်မှာ တန်ချိန် (**၉၀၅.၁၂**)၊ တန်ဖိုး ဒေါ်လာ (**၃.၃၉**) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (**၂၀,၁၈၆.၁၄**)၊ တန်ဖိုးဒေါ်လာ (**၃၅.၉၁**) သန်း ရရှိခဲ့သည် ကို သိရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၂၂။ ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန် အားဖြင့် (**၄၃,၈၇၀.၁၁**)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (**၄၄.၁၆**) သန်း၊ ပုဇွန်မှာ တန်ဖိုးဒေါ်လာ (**၅.၄၂**)

သန်းလျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားရေထွက်ပစ္စည်းများမှာ တန်ဖိုးဒေါ်လာ (၃၀.၉၉)သန်း ပိုမိုတင်ပို့ခဲ့သည်ကိုတွေ့ရပါသည်။ တန်ချိန်အားဖြင့် ပုဇွန်မှာ (၁,၂၅၇.၄၂) လျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၅,၁၈၆.၀၂) တိုးမြင့်တင်ပို့ခဲ့ပါသည်။ (ဇယား-၄)

ဇယား (၄) – ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်– မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး–အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၁,၇၅၀.၈၅** | **၁၈.၀၇** | **၈၃၁.၇** | **၃.၀၂** | **၉,၃၃၀.၂၂** | **၁၅.၅၅** | **၂၁,၉၁၂.၇၇** | **၃၆.၆၄** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၁,၇၅၀.၈၅ | ၁၈.၀၇ | ၈၃၁.၇ | ၃.၀၂ | ၉,၃၃၀.၂၂ | ၁၅.၅၅ | **၂၁,၉၁၂.၇၇** | **၃၆.၆၄** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၉,၁၅၆.၁၆** | **၁၈.၆၇** | **၇၃.၄၁** | **၀.၃၇** | **၁၀,၈၅၅.၉၂** | **၂၀.၃၆** | **၃၀,၀၈၅.၄၉** | **၃၉.၄၁** |
| | (က) မြဝတီ | ၃၄၉.၀၀ | ၀.၅၃ | ၃. | ၀.၀၃ | ၇၇၆.၂၂ | ၁.၄၃ | **၁,၁၂၈.၁၈** | **၁.၉၉** |
| | (ခ ) ကော့သောင်း | ၁၇,၂၂၀.၂၉ | ၁၅.၇၆ | ၇၀.၄၆ | ၀.၃၄ | ၁,၈၁၁.၆၇ | ၅.၄၁၀ | **၁၉,၁၀၂.၄၁** | **၂၁.၅၁** |
| | (ဂ ) စစ်တွေ | ၄၇.၈၃ | ၀.၀၇ | | | ၄.၀၀ | ၀.၀၁ | **၅၁.၉၃** | **၀.၀၈** |
| | (ဃ) မြိတ် | | | | | ၃,၀၀၅.၀၀ | ၂.၇၁၀ | **၃,၀၀၅.** | **၂.၇၁** |
| | (င ) မူဆယ် | ၂၁.၅ | ၀.၁၁ | | | ၂၃၀၁.၉ | ၇.၅၉၀ | **၂,၃၂၃.၄** | **၇.၇** |
| | (စ ) မောင်တော | ၁,၁၂၃.၄၉ | ၁.၈၄ | | | ၁၈၂.၀၀ | ၀.၁၅၀ | **၁,၃၀၅.၄၈** | **၁.၉၉** |
| | (ဆ) တမူး | | | | | | | **၀.** | **၀.** |
| | (ဇ ) ချင်းရွှေဟော် | | | | | | | **၀.** | **၀.** |
| | (ဈ ) ထီးခီး | | | | | | | **၀.** | **၀.** |
| | (ည) ရိ(ဒ်) | | | | | | | **၀.** | **၀.** |
| | (ဋ) မောတော | ၃၉၄.၀၇ | ၀.၃၇ | | | ၁,၁၇၉.၅၃ | ၂.၂၂ | **၁,၅၇၃.၆** | **၂.၆** |
| | (ဌ) ကျိုင်းလတ် | | | | | ၁,၅၉၅.၅၀ | ၀.၈၄ | **၁,၅၉၅.၅** | **၀.၈၄** |
| | ၂၀၂၃ ဇန်နဝါရီလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၃၀,၉၀၇.၀၁ | ၃၆.၇၄ | ၉၀၅.၁၂ | ၃.၃၉ | ၂၀,၁၈၆.၁၄ | ၃၅.၉၁ | ၅၁,၉၉၈.၂၇ | ၇၆.၀၄ |
| | ၂၀၂၁–၂၂ ဇန်နဝါရီလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၄၃,၈၇၀.၁၁ | ၄၄.၁၆ | ၁,၂၅၇.၄၂ | ၅.၄၂ | ၁၅,၁၈၆.၀၂ | ၃၀.၉၉ | ၆၀,၃၁၃.၅၆ | ၈၀.၅၇ |
| | ခြားနားချက် | -၁၂,၉၆၃.၁၀ | -၇.၄၂ | -၃၅၂.၃၀ | -၂.၀၃ | ၅,၀၀၀.၁၂ | ၄.၉၂ | -၈,၃၁၅.၂၉ | -၄.၅၃ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

၂၃။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၆) သန်း ရှိခဲ့သဖြင့်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(ဇယား-၅)

ဇယား (၅) – ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ် (၁ -၄-၂၀၂၂ မှ ၃- ၂-၂၀၂၃ ထိ)

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅,၆၉၁.၉၅ | ၈,၀၃၇.၅၆ | ၈,၂၅၃.၈၉ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁၄၉၂.၁၇ | ၂,၉၉၀.၂၉ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃,၇၂၈.၈၄ | ၅,၆၈၄.၀၃ | ၅,၆၈၂.၄၉ | ၄,၈၂၀.၇၂ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃၅၇၃.၀၆ | ၆,၉၅၇.၃၀ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁,၄၉၇.၆၂ | ၂,၃၈၃.၅၂ | ၂,၉၁၃.၁ | ၃,၅၀၃.၃၅ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁၇၄၅.၆၇ | ၂,၄၇၇.၀၈ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၁၁၄၄.၃၅ | ၂,၁၉၇.၉၅ |
| | စုစုပေါင်း | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၁ | ၇၉၅၅.၂၆ | ၁၄၆၂၂.၆၂ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

၂၄။ အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၃-၂-၂၀၂၃) ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၄,၆၂၂.၆၂) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၂,၉၉၀.၂၉) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၆,၉၅၇.၃၀) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂,၄၇၇.၀၈) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၂,၁၉၇.၉၅) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၅)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ


၂၅။ (၁-၄-၂၀၂၂) မှ (၃-၂-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၄၂၅,၂၉၅) ၊ တန်ဖိုးဒေါ်လာ (၅၃၂.၄) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၉၆၄,၂၅၁) ၊ တန်ဖိုး ဒေါ်လာ (၅၃၅.၇၅) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၉၄,၄၄၀) ၊ တန်ဖိုး(၉၁.၃၆) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁၃,၅၇၀)၊ တန်ဖိုး (၅.၂၆) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၆၊ ပုံ-၉၊ ၁၀)

## ဇယား (၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၃) ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | ၅,၅၀၀.၃၉၀ | ၃,၉၄၆.၇၅ | ၁,၅၅၃.၆၄ | ၃၉% |
| ၁ | ဒီဇယ် | US$ | ၂,၄၅၇.၇၆ | ၁,၂၀၁.၅၇ | **၁,၂၅၆.၁၉** | ၁၀၅% |
| | | တန် | ၂,၂၄၇,၃၉၂ | ၁,၉၄၈,၅၅၄ | **၂၉၈,၈၃၇** | ၁၅% |
| ၂ | ဓါတ်ဆီ | US$ | ၁,၆၂၅.၇၈ | ၁,၀၄၃.၅၅ | **၅၈၂.၂၃** | ၅၆% |
| | | တန် | ၁,၅၂၀,၄၈၈ | ၁,၄၄၇,၂၇၅ | **၇၃,၂၁၂** | ၅% |
| ၃ | စားအုန်းဆီ | US$ | ၅၃၂.၄ | ၇၄၇.၂၃ | - ၂၁၄.၈၅ | - ၂၉% |
| | | တန် | ၄၂၅,၂၉၅ | ၆၃၀,၀၅၂ | - ၂၀၄,၇၅၇ | - ၃၂% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၆၃.၈၀ | ၃၆၅.၀၆ | - ၂၀၁.၂၆ | - ၅၅% |
| | | စီး | ၃,၁၄၀ | ၁၄,၄၆၈ | - ၁၁,၃၂၈ | - ၇၈% |
| | လူစီးယာဉ် | US$ | ၅.၀၅ | ၁၃၉.၁၆ | - ၁၃၄.၁၁ | - ၉၆% |
| | | စီး | ၁၇၉ | ၈,၀၉၈ | -၇၉၁၉ | - ၉၈% |
| | ဘတ်စ် | US$ | ၂.၄၂ | ၄.၈၆ | - ၂.၄၃ | - ၅၀% |
| | | စီး | ၁၂၈ | ၂၅၈ | - ၁၃၀ | - ၅၀% |
| | ထရပ် | US$ | ၁၆.၀၇ | ၃၀.၈၅ | - ၁၄.၇၈ | - ၄၈% |
| | | စီး | ၈၈၅ | ၂,၉၅၉ | - ၂,၀၇၄ | - ၇၀% |
| | ယန္တယား | US$ | ၉၀.၈၉ | ၁၄၃.၈၅ | - ၅၂.၉၅ | - ၃၇% |
| | | စီး | ၁,၉၄၈ | ၃,၁၅၃ | - ၁,၂၀၅ | - ၃၈% |
| | ယာဉ်အပိုပစ္စည်း | US$ | ၄၉.၃၆ | ၄၆.၃၄ | ၃.၀၂ | ၇% |
| ၅ | ဘိလပ်မြေ | US$ | ၂၇.၅၂ | ၄၉.၃၁ | - ၂၁.၇၉ | - ၄၄% |
| | | တန် | ၃၁၉,၃၄၁ | ၆၂၃,၃၄၉ | - ၃၀၄,၀၀၈ | - ၄၉% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၅၃၅.၇၅ | ၃၃၅.၀၇ | **၂၀၀.၆၈** | ၆၀% |
| | | တန် | ၉၆၄,၂၅၁ | ၈၇၁,၃၈၇ | **၉၂,၈၆၃** | ၁၁% |
| ၇ | ဂျုံစေ့ | US$ | ၉၁.၃၆ | ၁၃၅.၆၉ | - ၄၄.၃၃ | - ၃၃% |
| | | တန် | ၁၉၄,၄၄၀ | ၃၉၃,၁၅၅ | - ၁၉၈,၇၁၅ | - ၅၁% |
| ၈ | ဂျုံမှုန့် | US$ | ၅.၂၆ | ၁.၆၇ | **၃.၅၉** | ၂၁၅% |
| | | တန် | ၁၃,၅၇၀ | ၃,၈၃၈ | **၉,၇၃၂** | ၂၅၄% |
| ၉ | နို့ဆီ | US$ | ၁၈.၆၉ | ၁၄.၅၀ | **၄.၁၉** | ၂၉% |
| | | တန် | ၁၃,၆၇၇ | ၁၁,၃၅၅ | **၂,၃၂၂** | ၂၀% |
| ၁၀ | နို့စိမ်း | US$ | ၂၃.၈၀ | ၂၂.၇၈ | **၁.၀၂** | ၄% |
| | | တန် | ၁၆,၇၄၈ | ၁၇,၄၁၂ | - ၆၆၄ | - ၄% |
| ၁၁ | နို့မှုန့် | US$ | ၁၈.၃၀ | ၃၀.၃၂ | - ၁၂.၀၂ | - ၄၀% |
| | | တန် | ၅,၃၁၄ | ၉,၄၃၃ | - ၄,၁၁၉ | - ၄၄% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)





ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၉)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၁၀)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

၂၆။ အခြားတင်သွင်းကုန်များဖြစ်သည့် **နှမ်းဆီ**မှာ တန်ချိန် (၁၃,၆၇၇) ၊ တန်ဖိုးဒေါ်လာ (၁၈.၆၉) သန်း၊ **နှံစိမ်း**မှာ တန်ချိန် (၁၆,၇၄၈)၊ တန်ဖိုးဒေါ်လာ (၂၃.၈၀) သန်းနှင့် **နှံမှုန့်**မှာ တန်ချိန် (၅,၃၁၄)၊ တန်ဖိုးဒေါ်လာ (၁၈.၃၀) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၆)

၂၇။ **မြေဩဇာတင်သွင်းမှု**တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဇန်နဝါရီလထိ ထောက်ခံချက် (၁,၃၈၈) ခုထုတ်ပေးခဲ့ပြီး စုစုပေါင်းတန်ချိန် (၁,၆၃၁,၉၀၇) တင်သွင်းခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းတန်ချိန် (၈၆,၇၂၆) တန် တင်သွင်းခဲ့သည်ကိုတွေ့ရပြီး အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၂၃,၁၁၈)တန်၊ ဖော့စဖိတ် (၁၀၀၀)တန်၊ ပိုတက်စီယမ် (၆,၉၅၀)တန်၊ ကွန်ပေါင်း (၅၁,၅၂၈)တန်၊ ဖော်လာ (၅၄၉)တန်၊ ဩော်ဂဲနစ် (၆၃၀) တန်၊ဂျစ်ပဆမ်(၉၆)တန်နှင့် အခြားမြေဩဇာ စုစုပေါင်း (၂,၈၅၅) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-၇၊ ပုံ-၁၁)




Source: Customs Department

ပုံ(၁၁)။ မြေဩဇာတင်သွင်းမှု တန်ချိန် နှိုင်းယှဉ်ပြဂရပ်

# သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၈။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၂-၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဖေဖော်ဝါရီလ (၃) ရက်ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁၄,၆၂၂.၆၂) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁၁,၉၃၆.၅၆)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၂,၆၈၆.၀၆) (၂၃%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၇)

### ဇယား (၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၂-၂၃)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၃-၂-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၈၈၈.၆၆ | ၂,၁၀၁.၆၃ | ၂,၉၉၀.၂၉ | ၄၃၅.၄၇ | ၂,၃၂၆.၉၉ | ၂,၇၆၂.၄၆ | ၄၅၃.၁၉ | -၂၂၅.၃၆ | ၂၂၇.၈၃ | ၈% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁,၀၂.၆၄ | ၆,၈၅၄.၆၅ | ၆,၉၅၇.၃၀ | ၇၂.၄၁ | ၄,၅၉၉.၄ | ၄,၆၇၁.၈၁ | ၃၀.၂၃ | ၂,၂၅၅.၂၅ | ၂,၂၈၅.၄၈ | ၄၉% |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၁၄.၉၁ | ၂,၃၆၂.၁၇ | ၂,၄၇၇.၀၈ | ၁၆.၇၄ | ၂,၉၂၃.၇၇ | ၂,၉၄၀.၅၁ | ၉၈.၁၇ | -၅၆၁.၆ | -၄၆၃.၄၃ | -၁၆% |
| ၄ | CMP | | ၂,၁၉၇.၉၅ | ၂,၁၉၇.၉၅ | | ၁,၅၆၁.၇၇ | ၁,၅၆၁.၇၇ | | ၆၃၆.၁၈ | ၆၃၆.၁၈ | ၄၁% |
| စုစုပေါင်း | | ၁,၁၀၆.၂၁ | ၁၃,၅၁၆.၄၁ | ၁၄,၆၂၂.၆၂ | ၅၂၄.၆၃ | ၁၁,၄၁၁.၉၃ | ၁၁,၉၃၆.၅၆ | ၅၈၁.၅၈ | ၂,၁၀၄.၄၈ | ၂,၆၈၆.၀၆ | ၂၃% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၉။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၆,၉၅၇.၃၀) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂,၉၉၀.၂၉) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၄,၆၇၁.၈၁) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂,၉၄၀.၅၁)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၇)

၃၀။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၂၀၄,၇၅၇)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၁၄.၈၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၉၈,၇၁၅)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၄.၃၃) သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရပြီး အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၉၇၃၂)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၃.၅၉) သန်း နှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန်အားဖြင့် (၉၂,၈၆၃)တန် နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၀၀.၆၈)သန်း တိုးမြှင့် တင်သွင်းခဲ့သည်။ (ဇယား -၆)

# ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၃၁။ ၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်း ဒေါ်လာ (၇,၉၅၅.၂၆) သန်းတင်သွင်းခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၉,၈၆၇.၇၈) သန်း တင်သွင်းခဲ့သဖြင့် ၂၀၂၁-၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ဒေါ်လာ (၁,၉၁၂.၅၂) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ (ဇယား-၈)

၃၂။ ၂၀၂၁-၂၂ Mini Budget တွင် သွင်းကုန်များမှ လယ်ယာကဏ္ဍ သွင်းကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ** တန်ချိန် (၃၀၂,၃၆၂) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၂၀.၇၈)သန်း၊ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၄၀,၃၁၇) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၁.၇၂၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၈၁,၈၄၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၈.၇၁)သန်း၊ **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂,၉၉၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၃၉) သန်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား -၉)

ဇယား (၈) - ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် အခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၃,၈၄၂.၄၅ | ၅,၆၉၁.၉၅ | ၈,၀၃၇.၅၆ | ၈,၂၅၃.၈၉ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁၄၉၂.၁၇ |
| (ခ) | လုပ်ငန်းသုံးကုန် ပစ္စည်းများ | ၃,၇၂၈.၈၄ | ၅,၆၈၄.၀၃ | ၅,၆၈၂.၄၉ | ၄,၈၂၀.၇၂ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃၅၇၃.၀၆ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၁,၄၉၇.၆၂ | ၂,၃၈၃.၅၂ | ၂,၉၁၃.၁ | ၃,၅၀၃.၃၅ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁၇၄၅.၆၇ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၁၁၄၄.၃၅ |
| | **စုစုပေါင်း** | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၆ | ၇၉၅၅.၂၆ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

# ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ) သွင်းကုန်တင်သွင်း မှု နှိုင်းယှဉ်ချက်

၃၃။ ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို **၂၀၂၁-၂၂** နှင့် **၂၀၂၀-၂၁ ကာလတူ** (အောက်တိုဘာလ မှ မတ်လ) နှိုင်းယှဉ်ပါက စုစုပေါင်း သွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန်ဒေါ်လာ (၇,၉၅၅.၂၆) သန်း တင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် (၁၆၄.၇၁)သန်း ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁-၂၂ တွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၅) သန်း လျော့နည်းတင်သွင်းခဲ့ပြီး ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၃) သန်း နှင့် CMP (၃၂၉.၁) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(နောက်ဆက်တွဲဇယား-ဃ၊ ပုံ-၁၂)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၁၂)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဂရပ်

၃၄။ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀,၉၂၂) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်** မှာ တန်ချိန် (၃,၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၂၃,၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအား ဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာတန်ချိန်(၂၂၇,၀၈၀) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား- ၉)

## ဇယား (၉) အဓိက ကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ယခုနှစ် (၂၀၂၁-၂၀၂၂) (အောက် မှ မတ်လ ထိ ) | ယခင်နှစ် (၂၀၂၀-၂၀၂၁) (အောက် မှ မတ်လ ထိ ) | ခြားနားချက် | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | **US$** | **၂,၄၁၁.၅၂၉** | **၁,၈၇၉.၆၁၇** | **၅၃၁.၉၁၂** | **၂၈%** |
| ၁ | ဒီဇယ် | US$ | ၁,၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁,၅၈၅,၆၇၅ | ၁,၆၂၅,၅၇၄ | -၃၉,၈၉၉ | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁,၈၈၁ | ၉၃၃,၇၅၃ | ၄၈,၁၂၈ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂,၃၆၂ | ၄၁၃,၂၈၄ | - ၁၁၀,၉၂၂ | - ၂၇% |
| ၄ | **မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း** | **US$** | **၁၇၈.၇၃၇** | **၄၅၁.၀၅** | **- ၂၇၂.၃၁၃** | **- ၆၀%** |
| | | **စီး** | **၄,၇၀၅** | **၁၈,၀၀၁** | **- ၁၃,၂၉၆.** | **- ၇၄%** |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | - ၈၈.၄၄၉ | - ၆၄% |
| | | စီး | ၂,၃၄၈ | ၈,၉၂၀ | - ၆,၅၇၂ | - ၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | - ၅.၉၅၄ | - ၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | - ၂၈၂ | - ၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | - ၃၉.၂၁၂ | - ၈၁% |
| | | စီး | ၈၄၆ | ၃,၉၃၁ | - ၃,၀၈၅ | - ၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | - ၁၀၅.၃၅၂ | - ၅၃% |
| | | စီး | ၁,၃၇၉ | ၄,၇၃၆ | - ၃,၃၅၇ | - ၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | - ၃၃.၃၄၆ | - ၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | - ၅၈% |
| | | တန် | ၂၀၇,၄၈၃ | ၅၆၈,၈၆၃ | - ၃၆၁,၃၈၀ | - ၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀,၃၁၇ | ၆၆၇,၃၉၇ | - ၂၂၇,၀၈၀ | - ၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁,၈၄၀ | ၂၀၅,၁၃၄ | - ၂၃,၂၉၅ | - ၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | - ၀.၈၄၄ | - ၃၈% |
| | | တန် | ၂,၉၉၀ | ၆,၈၂၂ | - ၃,၈၃၂ | - ၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | - ၁.၃၀၇ | - ၁၁% |
| | | တန် | ၈,၀၀၅ | ၁၀,၂၆၀ | - ၂,၂၅၅ | - ၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | - ၄.၂၄၈ | - ၂၄% |
| | | တန် | ၉,၇၆၃ | ၁၄,၂၄၅ | - ၄,၄၈၂ | - ၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅,၄၉၆ | ၇,၇၃၁ | - ၂,၂၃၅ | - ၂၉% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## သုံးသပ်ချက်

၃၅။ **၂၀၂၁-၂၂ Mini Budget** (အောက်တိုဘာလမှ မတ်လထိ) နှင့် **၂၀၁၈ Mini Budget** (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ရာတွင် ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၈,၃၀၈.၄၂)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်း တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၅၂.၆၁) သန်း လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ထိုလျော့နည်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ သစ်တောထွက်ပစ္စည်းအနည်းငယ်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ အခြားပစ္စည်းတို့ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှု စုစုပေါင်း၌ **လယ်ယာထွက်ပစ္စည်း** တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂,၄၀၇.၈၆)သန်းတွင် -

- **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၈)သန်း၊
- **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၁၆)သန်း၊
- **ပြောင်း** ဒေါ်လာ (၃၆၈.၂၂)သန်း၊
- **နှမ်း** ဒေါ်လာ (၁၉၄.၁၈)သန်း၊
- **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့်
- **အခြားလယ်ယာထွက်ပစ္စည်း**တန်ဖိုး (၂၈၃.၅၁)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

  နောက်ဆက်တွဲ (ဇယား-၁)

**(၂၀၂၁-၂၀၂၂)** နှင့် **(၂၀၂၀-၂၀၂၁) ကာလတူ (အောက်တိုဘာလ မှ မတ်လ)** ထိ မြန်မာနိုင်ငံ ပို့ကုန်တင်ပို့မှုကို နှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) တွင် **လယ်ယာထွက်ပစ္စည်း** စုစုပေါင်း တင်ပို့မှုမှာ ဒေါ်လာ (၂,၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) ကာလတူတွင် ဒေါ်လာ (၂,၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်း တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ လယ်ယာထွက်ပစ္စည်းများ၏ ပို့ကုန်အမယ်အလိုက် တင်ပို့မှုမှာ ၂၀၂၁-၂၀၂၂ တွင် **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ(၄၄၄.၂၈) သန်း၊ **ပဲအမျိုးမျိုး**တွင် ဒေါ်လာ (၈၃၀.၁၆) သန်း၊ **ပြောင်း**မှာ ဒေါ်လာ (၃၆၈.၂၂) သန်း၊ **နှမ်း**မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာ** မှာ ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားသီးနှံ**များမှာ ဒေါ်လာ (၂၈၃.၃၆) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊ ယခင်နှစ် အလားတူ ကာလ **(၂၀၂၀-၂၀၂၁) (အောက်တိုဘာလ မှ မတ်လ)** တွင်-

- ဆန်နှင့်ဆန်ကွဲမှာ ဒေါ်လာ (၄၂၈.၄၄) သန်း၊
- ပဲအမျိုးမျိုးမှာ ဒေါ်လာ (၈၀၆.၀၃) သန်း၊
- ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊

- နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊
- ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့်
- အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီးတင်ပို့ခဲ့သဖြင့် **(၂၀၂၁-၂၀၂၂) (အောက်တိုဘာလ မှ မတ်လ)** တွင် (၂၀၂၁-၂၀၂၂) ကာလတူထက် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ အသီးသီးတိုးမြှင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြားသီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း စီလျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲ (ဇယား-ခ)

**အစီရင်ခံကာလဖြစ်သော ၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃** ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု အနေဖြင့် ဒေါ်လာ (၁၄,၀၅၃.၉၉) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၃၁၂၂.၁၃) သန်း ပါဝင်ခဲ့ပါသည်။ အဆိုပါလယ်ယာထွက်ပစ္စည်းများတွင် -

- **ဆန်** တင်ပို့မှု တန်ချိန် (၁,၁၃၀,၆၅၀.၈၅) တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ဖိလစ်ပိုင်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း (၁၅)နိုင်ငံသို့ တင်ပို့မှုရှိကြောင်းနှင့် နယ်စပ်တင်ပို့မှုတွင် ချင်းရွှေဟော်စခန်း၊ လွယ်ဂျယ်စခန်း၊ မူဆယ်နှင့် ကျိုင်းတုံစခန်းတို့မှလည်း တင်ပို့မှုရှိကြောင်း သိရှိရပါသည်။
- **ဆန်ကွဲ** တင်ပို့မှုတွင် တန်ချိန် (၇၀၂,၅၀၆.၅၁) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ် နိုင်ငံအပါအဝင် နိုင်ငံပေါင်း (၈)နိုင်ငံသို့ တင်ပို့ခဲ့ပြီး နယ်စပ်တင်ပို့မှုတွင် မူဆယ်ကုန်သွယ် ရေးဇုန်၊ လွယ်ဂျယ်စခန်း၊ ချင်းရွှေဟော်စခန်းနှင့် မြဝတီစခန်းတို့မှလည်း တင်ပို့မှုရှိ ကြောင်းတွေ့ရသည်။
- **ပြောင်း** တင်ပို့မှုတွင် တန်ချိန် (၁,၄၉၂,၄၃၂.၁၃) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး နယ်စပ်စခန်းများဖြစ်သော မြဝတီ၊ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကျိုင်းတုံ၊ တာချီလိတ်စခန်းတို့မှ တင်ပို့မှုရှိကြောင်း သိရှိရပါသည်။
- **နှမ်း** တင်ပို့မှုတွင်လည်း တန်ချိန် (၈၆,၆၃၇.၆၃) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ထိုင်း၊ စင်္ကာပူ၊ ဂျပန်နှင့် ထိုင်ဝမ်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်၊ မြဝတီ၊ ချင်းရွှေဟော်နှင့် ကျိုင်းတုံစခန်းများသို့ တင်ပို့မှုရှိကြောင်း သိရှိရပါ သည်။

- **ရာဘာစိမ်း** တင်ပို့မှုတွင် တန်ချိန် (၁၉၈,၇၄၉.၄၉) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ မလေးရှား၊ တရုတ်နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်တင်ပို့မှုတွင် ချင်းရွှေဟော် စခန်းမှ တင်ပို့မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။
- **ပဲမျိုးစုံ** တင်ပို့မှုတွင် ယခင်နှစ်ကာလတူထက် တန်ချိန် (၁၃၇,၆၀၁.၈၅) လျော့နည်းခဲ့ပြီး အစီရင်ခံကာလအတွင်း မတ်ပဲ တန်ချိန် (၅၇၇,၀၉၉.၂၇)၊ ပဲစင်းငုံ တန်ချိန် (၁၇၁,၈၁၂.၃၅) နှင့် ပဲတီစိမ်း တန်ချိန် (၄၆၅,၈၈၂.၈၉) အသီးသီးတင်ပို့ခဲ့ပါသည်။ နောက်ဆက်တွဲ (ဇယား-၂၊ ၃)

**သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃ ထိ** စုစုပေါင်း ဒေါ်လာ (၁၄,၆၂၂.၆၂) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၂,၆၈၆.၀၆) သန်း တိုးမြင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ် ကာလတူထက် တန်ချိန် (၂၀၄,၇၅၇)၊ တန်ဖိုး ဒေါ်လာ(၂၁၄.၈၅)သန်း လျော့နည်းတင်သွင်းခဲ့ ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၉၂,၈၆၃) ပိုမိုတင်သွင်းခဲ့ပြီး၊ တန်ဖိုး ဒေါ်လာအားဖြင့် (၂၀၀.၆၈) သန်း တိုးမြင့်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲ (ဇယား-၅၊ ၆)

**ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ငါး၊ ပုဇွန်နှင့် အခြား ရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၅၁,၉၉၈.၂၇)၊ တန်ဖိုး ဒေါ်လာ (၇၆.၀၄) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၆၀,၃၁၃.၅၆)၊ တန်ဖိုး ဒေါ်လာ (၈၀.၅၇) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၈,၃၁၅.၂၉) နှင့် တန်ဖိုးအားဖြင့်(၄.၅၃) သန်းလျော့နည်း တင်ပို့ခဲ့သည် ကိုတွေ့ရသည်။ နောက်ဆက်တွဲ (ဇယား-၄)

## နိဂုံး

၃၆။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

# ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | **၃၁၂၂.၁၃** |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | **၁၉.၄၇** |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၆၆ | **၆၂၉.၉၈** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၈.၆ | **၂၈၉.၈၂** |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | **၁၂၅.၆၇** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၇၀၉.၁၇ | **၉၄၈၁.၈၄** |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၀၃ | **၃၈၅.၀၉** |
| | **စုစုပေါင်း** | **၈၉၇၇ .၀၃** | **၁၁၂၀၃ .၉၆** | **၁၂၅၂၃ .၇၃** | **၁၁၁၃၆..၈၉** | **၁၁၉၉၈ .၅၅** | **၁၄၈၈၃ .၁၆** | **၈၈၆၁.၀၃** | **၁၇၀၆၀ .၄၁** | **၁၇၆၈၁.၀၉** | **၁၅၃၆၃.၂၈** | **၈၃၀၈.၄၂** | **၁၄၀၅၃.၉၉** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

နောက်ဆက်တွဲဇယား-ခ

# အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ပြေီမှ မတ်) | ၂၀၁၇-၁၈ (ပြေီမှ မတ်) | ၂၀၁၈(Mini Budget) (ပြေီမှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
| ၁ | **ဆန်၊ ဆန်ကွဲ** | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၈ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | **ပဲအမျိုးမျိုး** | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၁၆ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | **ပြောင်း** | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၂ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | **နှမ်း** | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | **ရာဘာ** | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | **အခြား** | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၃၆ | ၇၉၉.၇ | -၅၁၆.၆၅ |
| | **စုစုပေါင်း** | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၇၁ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

နောက်ဆက်တွဲဇယား – ဂ

## ၂၀၂၂-၂၀၂၃ ခုနှစ် ၊ ဧပြီလမှ ဇန်နဝါရီလအထိ စိုက်ပျိုးရေးသွင်းအားစု မြေဩဇာများ တင်သွင်းမှုအခြေအနေ

| စဉ် | အမျိုးအစား | ဧပြီလ | | မေလ | | ဇွန်လ | | ဇူလိုင်လ | | ဩဂုတ်လ | | စက်တင်ဘာလ | | အောက်တိုဘာလ | | နိုဝင်ဘာလ | | ဒီဇင်ဘာလ | | ဇန်နဝါရီလ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် |
| ၁ | Nitrogen | ၁,၅၉၇၁ | ၃၅ | ၆၂,၅၉၃ | ၅၀ | ၄၉,၂၁၀ | ၇၆ | ၁၆၀,၈၂၄ | ၆၉ | ၂၄၄,၄၆၃ | ၇၄ | ၁၁၂,၁၆၈ | ၄၃ | ၆၅,၄၉၀ | ၂၄ | ၁၃၄,၈၈၅ | ၂၈ | ၁၃၁,၃၄၀ | ၃၇ | ၂၃,၁၁၈ | ၁၈ | ၁၀၀၀,၀၆၂ | ၄၅၄ |
| ၂ | Phosphate | ၁,၂၅၆ | ၁ | ၄,၃၈၁ | ၄ | ၁,၄၂၀ | ၁ | ၆,၂၅၀ | ၅ | ၂၃,၀၀၀ | ၇ | ၂၆,၇၅၀ | ၆ | ၇,၀၀၀ | ၂ | ၃၁,၀၀၀ | ၉ | | | ၁၀,၀၀ | ၁ | ၁၀၂,၀၅၇ | ၃၆ |
| ၃ | Potassium | ၁၃၅ | ၄ | ၁,၀၂၀ | ၃ | ၂,၈၁၅ | ၆ | ၂,၀၅၉ | ၄ | ၃၅၀ | ၁ | ၃၂၅ | ၃ | ၇၀၀ | ၂ | ၈,၉၀၀ | ၇ | ၈,၀၈၅ | ၈ | ၆,၉၅၀ | ၇ | ၃၁,၃၃၉ | ၄၅ |
| ၄ | Compound | ၁၆,၁၀၆ | ၄၅ | ၅၅,၀၅၃ | ၃၆ | ၁၉,၅၆၇ | ၅၂ | ၇၃,၆၉၉ | ၅၇ | ၃၉,၉၃၇ | ၅၄ | ၄၆,၄၁၁ | ၃၇ | ၅၃,၉၂၀ | ၂၅ | ၇၆,၃၂၄ | ၂၃ | ၂၁,၃၂၈ | ၁၉ | ၅၁,၅၂၈ | ၃၀ | ၄၅၃,၈၇၃ | ၃၇၈ |
| ၅ | Follar | ၁၉၃ | ၂၀ | ၄၅၇ | ၂၈ | ၅၇ | ၄၇ | ၈၄၆ | ၆၂ | ၅၄၄ | ၅၀ | ၁,၉၇၇ | ၈၁ | ၁,၁၁၄ | ၂၃ | ၁၉၂ | ၁၄ | ၁,၄၄၇ | ၂၈ | ၅၄၉ | ၁၄ | ၇,၃၇၆ | ၃၆၇ |
| ၆ | Organic | ၂၉၁ | ၂ | ၇၇ | ၂ | ၇၁၃ | ၅ | ၂၅၈ | ၃ | ၂,၁၀၆ | ၃ | ၃၁၄ | ၃ | ၃၈၂ | ၁ | ၇၄၀ | ၃ | ၁၀၀၀ | ၂ | ၆၃၀ | ၁ | ၆,၅၁၁ | ၂၅ |
| ၇ | Gypsum | ၆၄ | ၁ | ၁၉၂ | ၂ | ၁၆၀ | ၂ | - | - | - | - | ၃၈၄ | ၁ | - | - | - | - | ၆၈၀ | ၃ | ၉၆ | ၁ | ၁,၅၇၆ | ၁၀ |
| ၈ | Other | ၄၇ | ၈ | ၃၅၃ | ၉ | ၂၁ | ၁၀ | ၄၆၀ | ၆ | ၂,၁၂၈ | ၁၁ | ၁၁,၉၈၃ | ၁၁ | ၈၉၇ | ၇ | ၉,၆၅၀ | ၅ | ၇၁၉ | ၄ | ၂,၈၅၅ | ၂ | ၂၉,၁၁၃ | ၇၃ |
| | စုစုပေါင်း | ၃၄,၀၆၃ | ၁၁၆ | ၁၂၄,၁၂၆ | ၁၃၄ | ၇၃,၉၆၃ | ၁၉၉ | ၂၄၄,၃၉၆ | ၂၀၆ | ၃၁၂,၅၂၈ | ၂၀၀ | ၂၀၀,၃၁၂ | ၁၈၅ | ၁၂၉,၅၀၃ | ၈၄ | ၂၆၁,၆၉၁ | ၈၉ | ၁၆၄,၅၉၉ | ၁၀၀ | ၈၆,၇၂၆ | ၇၄ | ၁,၆၃၁,၉၀၇ | ၁,၃၈၈ |

Source: Customs Department

နောက်ဆက်တွဲဇယား-ဃ

## ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လထိ) သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁,၄၉၂.၁၇ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃,၅၇၃.၀၆ | ၂,၅၇၄.၈၃ | ၉၉၈.၂၃ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇ | ၁,၆၂၀.၁၅ | ၁၂၅.၅၃ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅ | ၈၁၅.၂၆ | ၃၂၉.၁ |
| | စုစုပေါင်း | ၁၇,၂၁၁.၀၆ | ၁၈,၆၉၄.၉ | ၉,၈၆၇.၇၈ | ၁၈,၀၈၆.၆ | ၁၉,၀၅၀.၉ | ၁၄,၆၈၆.၀၆ | ၇,၉၅၅.၂၆ | ၇,၇၉၀.၅၅ | ၁၆၄.၇၁ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)


## ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူ တင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၂-၂၀၂၃)ထိ | | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၃-၂-၂၀၂၂)ထိ | | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
| ၁ | လယ်ယာကဏ္ဍပို့ကုန် | - | ၃,၇၇၁.၅၈ | ၃,၇၇၁.၅၈ | ၂၇% | - | ၃,၇၉၁.၃၇ | ၃,၇၉၁.၃၇ | ၃၀% | - | - ၁၉.၇၉ | - ၁၉.၇၉ | - ၀.၀၃% |
| | လယ်ယာထွက်ပစ္စည်း | - | ၃,၁၂၂.၁၃ | ၃,၁၂၂.၁၃ | ၂၂% | - | ၃,၁၁၄.၄ | ၃,၁၁၄.၄ | ၂၅% | - | ၇.၇၃ | ၇.၇၃ | - ၃% |
| | တိရိစ္ဆာန်ထွက်ပစ္စည်း | - | ၁၉.၄၇ | ၁၉.၄၇ | ၀.၁% | - | ၆.၃၇ | ၆.၃၇ | ၀.၀၅% | - | ၁၃.၁ | ၁၃.၁ | ၀.၁% |
| | ရေထွက်ပစ္စည်း | - | ၆၂၉.၉၈ | ၆၂၉.၉၈ | ၄% | - | ၆၇၀.၆ | ၆၇၀.၆ | ၅% | - | -၄၀.၆၂ | -၄၀.၆၂ | -၁% |
| ၂ | သတ္တုတွင်းထွက်ပစ္စည်း | ၂၀.၇ | ၂၆၉.၁၂ | ၂၈၉.၈၂ | ၂% | ၃၆.၇၆ | ၅၂၉.၅၂ | ၅၆၆.၂၈ | ၅% | -၁၆.၀၆ | -၂၆၀.၄ | -၂၇၆.၄၆ | -၂% |
| ၃ | သစ်တောထွက်ပစ္စည်း | ၂.၄၄ | ၁၂၃.၂၂ | ၁၂၅.၆၇ | ၁% | ၁.၆၆ | ၁၁၆.၈၁ | ၁၁၈.၄၈ | ၁% | ၀.၇၈ | ၆.၄၁ | ၇.၁၉ | ၀.၀၅% |
| ၄ | စက်မှုကုန်ချောပစ္စည်း | ၃,၃၈၈.၈၈ | ၆,၀၉၂.၉၆ | ၉,၄၈၁.၈၄ | ၆၇% | ၂,၇၄၅.၁၄ | ၄,၆၃၃.၇၅ | ၇,၃၇၈.၈၉ | ၅၉% | ၆၄၃.၇၄ | ၁,၄၅၉.၂၁ | ၂,၁၀၂.၉၅ | ၉% |
| ၅ | အခြား | ၁၁၇.၈၄ | ၂၆၇.၂၅ | ၃၈၅.၀၉ | ၃% | ၂၉၄.၆၆ | ၃၉၈.၈ | ၆၉၃.၄၆ | ၆% | -၁၇၆.၈၂ | -၁၃၁.၅၅ | -၃၀၈.၃၇ | -၃% |
| | စုစုပေါင်း | ၃,၅၂၉.၈၆ | ၁၀,၅၂၄.၁၃ | ၁၄,၀၅၃.၉၉ | ၁၀၀% | ၃,၀၇၈.၂၂ | ၉,၄၇၀.၂၆ | ၁၂,၅၄၈.၄၈ | ၁၀၀% | ၄၅၁.၆၄ | ၁,၀၅၃.၈၇ | ၁,၅၀၅.၅၁ | ၁၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နောက်ဆက်တွဲ ပုံ(၁)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလလယ်ယာဏ္ဍာပို့ကုန် ပါဝင်မှု တန်ဖိုးပါဝင်မှု




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)